ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

M3-236
25/5

ရက်စွဲ၊ ၂၀၁၈ ခုနှစ် မေ လ၂၄ ရက်

**အကြောင်းအရာ။** Thiha Development Co., Ltd. **၏ ကော်မရှင် ခွင့်ပြုမိန့်တွင် တည်ဆောက်ရေးကာလ တိုးမြှင့် ပြင်ဆင်ခွင့် ပြုပါရန် တင်ပြခြင်းကိစ္စ**

၁။ Thiha Development Co., Ltd. မှ အဆိုပြုတင်ပြထားသော လုပ်ငန်း တည်ဆောက်ရေး ကာလတိုးမြှင့်ခွင့်အား ၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့အထိ (၉) လတိတိကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ၂၀၁၈ ခုနှစ်၊ မေလ ၁၁ ရက်နေ့ပါ စာဖြင့် တိုးမြှင့် ပြင်ဆင်ခွင့်ပြုခဲ့ပါ သည်။

၂။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၇/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးသို့ မှတ်တမ်းတင် အတည်ပြုရန် တင်ပြမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Thiha Development Co., Ltd. ၏ တည်ဆောက်ရေးကာလ တိုးမြှင့်ခွင့်အတွက် ခွင့်ပြုမိန့် (မူရင်း)တွင်ပြင်ဆင်မည့် ခွင့်ပြုမိန့် နှင့် အမိန့်ကြော်ငြာစာ (**မူကြမ်း**) တို့အား ဥပဒေ ရှုထောင့်မှ စိစစ်ပေးနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

| **ရေးသွင်းသူ** | **စိစစ်သူ** | **ကြီးကြပ်သူ** |
|---|---|---|
| 24.5.18 | 24/5/18 | 24/5/2018 |
| ယုမိုဦး | ဝင်းမို့မို့အေး | မီမီသဉ္ဇာချို |
| ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |

ဒုတိယ **ညွှန်ကြားရေးမှူး**

၄။ ဥပဒေရှုထောင့်မှစိစစ်နိုင်ပါရန်ပေးပို့ 

24.5

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

~~ညွှန်ကြားရေးမှူး၊~~
၆။ ဥပဒေကြောင်းအရ စစ်ဆေးနိုင်ရန် ပေးပို့တင်ပြအပ်ပါသည်။

(ဖြစ်)
၂၃၊၅၊၁၈
(ဗြဲလာ)

ညွှန်ကြားရေးမှူး (ဥပဒေနှင့်ဥပဒေရေးရာ)

၈။ ဥပဒေအရ ဆောင်ရွက်ရန် ... [illegible]

ပါသည်။

၂၅-၅-၁၈
(မောင်မောင်စိုး)

ဒုတိယညွှန်ကြားရေးမှူး (ရုံး-၃)

၇။ [illegible] ဦး(ပြည့်)မိုး(ဖုန်းကြာ)နှင့် အမိန့် ကြော်ငြာ (ဖုန်းကြာ) တို့အား ပြင်ဆင်ပြီး ဖြစ်ပါ၍ တင်ပြအပ်ပါသည်။

၂၉.၅.၁၈
(ဟုတ်မိုး)
ဒု-ညွှန်မှူး

ဦးစီးအရာရှိ

၈။ တည်ဆောက်ရေးကာလ တိုးမြှင့်ခွင့် အတွက် ပြင်ဆင်မည့်ကိစ္စ ကော်ပြာ ... ဦး(ပြည့်)မိုး (ဖုန်းကြာ) တို့အား စိစစ်တင်ပြအပ်ပါသည်။

၂၉/၅/၁၈
(ဝင်းလှိုင်ဦး)

လ/ထ - ညွှန်မှူး၊

၉။ တည်ဆောက်ရေးကာလ တိုးမြှင့်ခြင်းအား ဦး(ပြည့်)မိုး မှူးဥပဒေ ပြင်ဆင်ထားသည့် စာကြမ်းအား တင်ပြအပ်ပါသည်။

၂၉/၅/၁၈

ဦးတိုက်ညွှန်ကြားရေးမှူး

၁၀။ Thida Development [illegible]

[illegible]

ညွှန်ကြားရေးမှူး

၁၁။ [illegible]

[illegible]

ရုံးအုပ်

၁၂။ [illegible]

[illegible]

[illegible]

၁၃။ [illegible]

[illegible]

[illegible]

၁၄။ [illegible]

[illegible]

၁၅။ [illegible]

[illegible]

ရုံးတွင်းစာအကျဉ်းချုပ် သို့မဟုတ် စာကြမ်းရေးရန်အတွက်

DYMO

ပူးတွဲ-၁



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

### ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့ ရက်စွဲပါ ခွင့်ပြုမိန့်အမှတ် မနသ-၁၂၁၄/၂၀၁၆ တွင် ပြင်ဆင်ချက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ၂၀၁၈ ခုနှစ် မေ လ ၁၁ ရက်စွဲပါ စာအရ Thiha Development Company Limited ၏ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ရေထွက်ဦးလမ်းထောင့်၊ အကွက်အမှတ်(၂၆)၊ ဦးပိုင်အမှတ် (၄၀)၊ မြေကွက်အမှတ်(၄၆/၄၈) တွင် ဆောက်လုပ်လျက်ရှိသော (၁၂) ထပ် အဆောက်အဦ၏ လုပ်ငန်း တည်ဆောက်ရေး ကာလအား ၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့ အထိ (၉) လ တိတိကို တိုးမြှင့် ပြင်ဆင်ခွင့်ပြုလိုက်သည်။

(ဈ) **တည်ဆောက်မှုကာလ** ၁၈ လ + ၉ လ (၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့မှစ၍)

ဥက္ကဋ္ဌ(ကိုယ်စား)

(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

ရက်စွဲ - ၂၀၁၈ ခုနှစ် မေ လ ၃၁ ရက်

နေရာ - ရန်ကုန်မြို့






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

တယ်လီဖုန်း ၀၁-၆၅၈၁၂၉
ဖက်(စ်) ၀၁-၆၅၈၁၃၇

စာအမှတ်၊ မရက-၄/မ-၁၅၃၂/၂၀၁၈(၂၈၅)
ရက်စွဲ ၊ ၂၀၁၈ ခုနှစ် မေ လ ၃၁ ရက်

အကြောင်းအရာ။ **Thiha Development Company Limited မှ ခွင့်ပြုမိန့် (မူရင်း)တွင် တည်ဆောက်ရေးကာလအား သက်တမ်း တိုးမြှင့်ခွင့် ပြုပါရန် တင်ပြလာခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ (၁) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၁-၅-၂၀၁၈) ရက်စွဲပါ စာအမှတ် မရက-၉/မ-ထွေ/၂၀၁၈(၂၃၀၂)

(၂) Thiha Development Company Limited ၏ (၁၈-၅-၂၀၁၈) ရက်စွဲပါ တင်ပြစာ

၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ၂၀၁၈ ခုနှစ် မေ လ ၁၁ ရက်နေ့ ရက်စွဲပါ စာအရ Thiha Development Company Limited ၏ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း နှင့် ရေထွက်ဦးလမ်းထောင့်၊ အကွက်အမှတ် (၂၆)၊ ဦးပိုင်အမှတ်(၄၀)၊ မြေကွက်အမှတ်(၄၆/၄၈)တွင် ဆောက်လုပ်လျက်ရှိသော (၁၂) ထပ် အဆောက်အဦ၏ လုပ်ငန်းတည်ဆောက်ရေး ကာလအား ၂၀၁၈ ခုနှစ် ၊ မတ်လ ၂၈ ရက်နေ့ မှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့ အထိ (၉) လ တိတိ ကို တိုးမြှင့် ပြင်ဆင်ခွင့်ပြုခဲ့ပါသည်။

၂။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ထုတ်ပေးခဲ့သော ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့ ရက်စွဲပါ ခွင့်ပြုမိန့်အမှတ်၊ မနသ-၁၂၁၄/၂၀၁၆ တွင် တည်ဆောက်ရေး ကာလအား ၂၇ လ တိတိကို တိုးမြှင့်ပြောင်းလဲ ပြင်ဆင်လိုက်သည်။

၃။ Thiha Development Company Limited အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ထုတ်ပြန်ထားသည့် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၀၈/၂၀၁၆(မနသ) တွင် ဖော်ပြပါရှိသည့် စည်းမျဉ်း စည်းကမ်းများ အတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

Thiha Development Company Limited

**ဖြန့်ဝေခြင်း**

ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ
ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ တောင်ကြီးမြို့
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ
ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

THIHA
Development

Office (1) - Corner of Bogyoke Aung Sun Road & Yae Htwet Oo Street, Kan Shae Qrt, Taunggyi.
Ph : 081 201686, 081 200229 Email : citysquare.thiha@gmail.com, centriocitysquare@gmail.

Office (2) - #1001, Tower A, 10th Floor, MyaingHayWun Condo(Junction-8), Kyaik Wine Pagoda Road,
MyanGone Township, Yangon. Ph : 01 650774, 01 650779 Ext : 110, 09 978923862

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

MS-310
18/5

နေ့စွဲ။ ။ ၂၀၁၈ ခုနှစ်၊ မေလ( ၁၇)ရက်။

အကြောင်းအရာ။ ။ **<u>တည်ဆောက်ရေးကာလ တိုးမြှင့်ခြင်းအတွက် လိုအပ်ချက်ပေးပို့ခြင်း။</u>**

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်တို့ **"Thiha Development Co., Ltd."** ၏တည်ဆောက်ရေးကာလ တိုးမြှင့်ခြင်းအတွက် ငွေသွင်းချလံမူရင်းနှင့် ကော်မရှင်ခွင့်ပြုမိန့် မိတ္တူကို ပေးပို့အပ်ပါသည်။

လေးစားစွာဖြင့်

Zaw Lin
Managing Director
Thiha Development Co.,Ltd.

THIHA Development

Office (1) - (8/11), Kanbawza Street, Yae Aye Kwine Quarter, Taunggyi. Ph : 081 2125319
Office (2) - #1001, Tower A, 10th Floor, MyaingHayWun Condo(Junction-8), Kyaik Wine Pagoda Roa
MyanGone Township, Yangon. Ph : 01 650774, 01 650779 Ext : 110, 09 978923862
Office (3) - Corner of Bogyoke Aung Sun Road & Yae Htwet Oo Street, Kan Shae Qrt, Taunggyi.
Ph : 081 201686, 081 200229 Email : sunthiha@gmail.com, centriocitysquare@gmail.co

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ရက်စွဲ။ ။ ၂၀၁၈ ခုနှစ်၊ မေလ(၁၈)ရက်။

အကြောင်းအရာ။ ။ **တည်ဆောက်ရေးကာလ တိုးမြှင့်ခြင်းအတွက် လိုအပ်ချက်ပေးပို့တင်ပြခြင်း။**

**"Thiha Development Co., Ltd."** သည် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနှင့် ရေထွက်ဦးလမ်းထောင့်ရှိ တောင်ကြီးမြို့နယ်၊ စည်ပင်သာယာရေးဌာနပိုင် ကုန်ခြောက်ငါးဈေးအား ဈေးဆိုင်ခန်းများ၊ အဆင့်မြင့်လူနေတိုက်ခန်းများနှင့် ဟိုတယ်အပါအဝင် ၁၂ ထပ် အဆောက်အဦး တည်ဆောက်လျှက်ရှိသည်။ (၂၈.၉.၂၀၁၆) ပထမအကြိမ် ခွင့်ပြုမိန့်ရရှိပါသည်။

ခွင့်ပြုမိန့်ရရှိပြီးချိန်မှစ၍ အပိုင်း(၁) အဆောက်အဦးပြင်ဆင်ပြီးစီးမှုမှာ(၁၀၀) ရာခိုင်းနှုန်း ပြီးစီးပြီဖြစ်သည်။ အပိုင်း(၂) တည်ဆောက်ရေးမှာလည်း အလုံးအထည်တည်ဆောက်ခြင်းမှာ (၁၀၀) ရာခိုင်းနှုန်းပြီးစီးပြီဖြစ်ပြီးအတွင်းပိုင်း (Interior Decoration) မှာစတင်ဆဲဖြစ်ပါသည်။ ၄င်းတည်ဆောက်ရေး အတွက် ခွင့်ပြုထားသောစက် ပစ္စည်းတန်ဖိုးမှာ (USD- 11,27,6910.51) ဖြစ်ပြီး တင်သွင်းပြီးသောတန်ဖိုးမှာ (USD- 578,015.36) ဖြစ်ပါ၍ သွင်းရန်ကျန်တန်ဖိုးမှာ(USD- 106,988,95.15) ကျန်ရှိပါသည်။ ဒုယအကြိမ်ခွင့်ပြုမိန့်ကို (၂၈.၃.၂၀၁၈) မှ (၂၇.၁၂.၂၀၁၈) နေ့အထိခွင့်ပြုမိန့်ရရှိပါသည်။

သို့ဖြစ်ပါ၍ တည်ဆောက်ရေးကာလတိုးမြှင့်ခြင်းအတွက် ငွေသွင်းချလံမူရင်းနှင့် ကော်မရှင်ခွင့်ပြုမိန့်မိတ္တူကို ပေးပို့အပ်ပါသည်။

လေးစားစွာဖြင့်

Zaw Lin
Managing Director
Thiha Development Co.,Ltd.




# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
## <u>ငွေလက်ခံရန်အကြောင်းကြားစာ</u>

အမှတ်စဉ်- ၉ ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ လ ရက

အောက်ဖော်ပြပါ လျှောက်ထားသူထံမှ သက်ဆိုင်ရာလျှောက်ထားလွှာအတွက် ဖော်ပြ ဝန်ဆောင်ခအားလက်ခံပါရန်နှင့် ငွေရပြေစာမိတ္တူတစ်စောင်ကိုဌာနခွဲသို့ ပေးပို့ပေးပါရန် အကြောင်းကြ အပ်ပါသည်-

၁။ လျှောက်ထားသူ၏ -

(က) အမည် ........ မနှင်းနှင်းဝေ ........

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ..၁၄/လမန(နိုင်)၀၇၃၄၁၇..

(ဂ) နေရပ်လိပ်စာ/ တယ်လီဖုန်း: No. 122, 1st Fl., 4th St., Botahtaung Tsp., Ygn.
09-422451802

၂။ ရင်းနှီးမြှုပ်နှံသူ၏ -

(က) အမည် ........ ဦးဇော်လင်း ........

(ခ) ကုမ္ပဏီအမည် ........ Thiha Development Co., Ltd ........

(ဂ) လုပ်ငန်းအမျိုးအစား........ ဆောက်လုပ်ရေးလုပ်ငန်း ........

၃။ ပေးသွင်းမည့်ဝန်ဆောင်ခနှင့်စပ်လျဉ်း၍-

(က) လျှောက်ထားလွှာ ပုံစံအမှတ် ........ [illegible] ........

(ခ) ဝန်ဆောင်ခနှုန်းထား(ဂဏန်းဖြင့်)ကျပ် ........ ၁၀၀,၀၀၀/ ........

(စာဖြင့်) ကျပ် ........ တစ်သိန်းကျပ်တိတိ ........

(ဂ) ငွေအမျိုးအစား (ကျောဘက်ပါအတိုင်း)


*(သက်ဆိုင်ရာဌာနခွဲမှလက်မှတ်ထိုးပေးပါရန်)*

ငွေလက်ခံပေးပါရန် ✓

(ရင်းနှီးမြှုပ်နှံမှုဌာနခွဲ- / ကြီးကြပ်ရေးဌာနခွဲ)

ကျပ် ----------၁၀၀၀၀၀/---------- (ကျပ် ----------တစ်သိန်း---------- တိတိ) ကိုလက်ခံရရှိပါသည်။

ငွေစာရင်း




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

တယ်လီဖုန်း -၀၁-၆၅၈၁၃၃
ဖက်(စ်) -၀၁-၆၅၇၈၂၄

စာအမှတ်၊မရက- ၉/မ-ထွေ/၂၀၁၈( ၂၃၀၂ )
ရက်စွဲ ၊ ၂၀၁၈ ခုနှစ် မေလ ၁၁ ရက်

အကြောင်းအရာ။ **Thiha Development Co., Ltd. မှ တည်ဆောက်ရေးကာလ တိုးမြှင့်ခွင့် ပြုပါရန် တင်ပြလာခြင်းကိစ္စ**

ရည်ညွှန်းချက်။ Thiha Development Co., Ltd. ၏ ၂-၅-၂၀၁၈ နေ့စွဲပါစာအမှတ်၊ TH/ HO (TGI) TSC-010/2018


၁။ Thiha Development Co., Ltd. မှ ရည်ညွှန်းချက်ပါစာဖြင့် တင်ပြလာခြင်းကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၁၄၁ အရ မူလတည်ဆောက်ရေးကာလ (၁ နှစ် နှင့် ၆ လ)၏ ၅၀ ရာခိုင်နှုန်း ဖြစ်သော ၂၀၁၈ ခုနှစ် မတ် ၂၈ ရက်နေ့မှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့အထိ (၉)လ တိတိအား တိုးမြှင့် ခွင့်ပြုပါသည်။

၂။ သို့ဖြစ်ပါ၍ ကော်မရှင်၏ဆုံးဖြတ်ချက်အပေါ် သိရှိဆောင်ရွက်နိုင်ပါရန်နှင့် တည်ဆောက်ရေးကာလ တိုးမြှင့်ခြင်းအတွက် ကော်မရှင်ခွင့်ပြုမိန့်တွင် ပြင်ဆင်ရန် ဝန်ဆောင်ခကျပ် ၁၀၀၀၀၀ (ကျပ် တစ်သိန်းတိတိ) အား ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ ပေးသွင်းထားသည့်ငွေသွင်းချလံ(မူရင်း)နှင့် ကော်မရှင် ခွင့်ပြုမိန့်(မိတ္တူ)ကို ကော်မရှင်ရုံးသို့ **တစ်လအတွင်း** ပေးပို့ရန်နှင့် ပေးပို့ခြင်းမရှိပါကအပိုဒ်(၁)ပါ ခွင့်ပြုချက် သည် ပျက်ပြယ်မည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

ဥက္ကဋ္ဌကိုယ်စား
(မြသူဇာ၊တွဲဖက်အတွင်းရေးမှူး

**မန်နေဂျင်းဒါရိုက်တာ**
**Thiha Development Co.,Ltd.**

မိတ္တူကို
ရင်းနှီးမြှုပ်နှံမှုဌာနခွဲ(၃)၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရုံးလက်ခံ/မျှောစာတွဲ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း -၀၁-၆၅၈၁၃၃
ဖက်(စ်) -၀၁-၆၅၇၈၂၄

စာအမှတ်၊မရက- ၉/မ-ထွေ/၂၀၁၈(၂၃၀၂
ရက်စွဲ ၊ ၂၀၁၈ ခုနှစ် မေလ ၁၁ ရက

အကြောင်းအရာ။ Thiha Development Co., Ltd. မှ တည်ဆောက်ရေးကာလ တိုးမြှင့်ခွင့် ပြုပါရ
တင်ပြလာခြင်းကိစ္စ

ရည်ညွှန်းချက်။ Thiha Development Co., Ltd. ၏ ၂-၅-၂၀၁၈ နေ့စွဲပါစာအမှတ်၊ TH/ HO
(TGI) TSC-010/2018


၁။ Thiha Development Co., Ltd. မှ ရည်ညွှန်းချက်ပါစာဖြင့် တင်ပြလာခြင်းကိစ္စနှင့် စပ်လျဉ်း
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၁၄၁ အရ မူလတည်ဆောက်ရေးကာလ (၁ နှစ် နှင့် ၆ လ)၏ ၅၀ ရာခိုင်နှုန်
ဖြစ်သော ၂၀၁၈ ခုနှစ် မတ် ၂၈ ရက်နေ့မှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့အထိ (၉)လ တိတိအား တိုးမြှ
ခွင့်ပြုပါသည်။

၂။ သို့ဖြစ်ပါ၍ ကော်မရှင်၏ဆုံးဖြတ်ချက်အပေါ် သိရှိဆောင်ရွက်နိုင်ပါရန်နှင့် တည်ဆောက်ရေးကာ
တိုးမြှင့်ခြင်းအတွက် ကော်မရှင်ခွင့်ပြုမိန့်တွင် ပြင်ဆင်ရန် ဝန်ဆောင်ခကျပ် ၁၀၀၀၀၀ (ကျပ် တစ်သိန်းတိတ
အား ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ ပေးသွင်းထားသည့်ငွေသွင်းချလံ(မူရင်း)နှင့် ကော်မရှ
ခွင့်ပြုမိန့်(မိတ္တူ)ကို ကော်မရှင်ရုံးသို့ **တစ်လအတွင်း** ပေးပို့ရန်နှင့် ပေးပို့ခြင်းမရှိပါကအပိုဒ်(၁)ပါ ခွင့်ပြုချက
သည် ပျက်ပြယ်မည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

ဥက္ကဋ္ဌကိုယ်စာ
(မြသူဇာ၊တွဲဖက်အတွင်းရေးမှ

မန်နေဂျင်းဒါရိုက်တာ
Thiha Development Co.,Ltd.

မိတ္တူကို
ရင်းနှီးမြှုပ်နှံမှုဌာနခွဲ(၃)၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရုံးလက်ခံ/မျှောစာတွဲ


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**
**<u>ငွေလက်ခံရန်အကြောင်းကြားစာ</u>**



အမှတ်စဉ်- ၄၆ ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မေ လ ၁၈ ရက်

အောက်ဖော်ပြပါ လျှောက်ထားသူထံမှ သက်ဆိုင်ရာလျှောက်ထားလွှာအတွက် ဖော်ပြ ဝန်ဆောင်ခအားလက်ခံပါရန်နှင့် ငွေရပြေစာမိတ္တူတစ်စောင်ကိုဌာနခွဲသို့ ပေးပို့ပေးပါရန် အကြောင်းကြား အပ်ပါသည်-

၁။ လျှောက်ထားသူ၏ -

(က) အမည် ....................................

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ....................................

(ဂ) နေရပ်လိပ်စာ/ တယ်လီဖုန်း No. 122, 7th St., 41st St., Botahtaung Tsp., Ygn. 09-4244516002

၂။ ရင်းနှီးမြှုပ်နှံသူ၏ -

(က) အမည် ....................................

(ခ) ကုမ္ပဏီအမည် Thiha Development Co., Ltd.

(ဂ) လုပ်ငန်းအမျိုးအစား ....................................

၃။ ပေးသွင်းမည့်ဝန်ဆောင်ခနှင့်စပ်လျဉ်း၍-

(က) လျှောက်ထားလွှာ ပုံစံအမှတ် ....................................

(ခ) ဝန်ဆောင်ခနှုန်းထား(ဂဏန်းဖြင့်)ကျပ် 100,000/-

(စာဖြင့်) ကျပ် ....................................

(ဂ) ငွေအမျိုးအစား (ကျောဘက်ပါအတိုင်း)

*(သက်ဆိုင်ရာဌာနခွဲမှလက်မှတ်ထိုးပေးပါရန်)*

ငွေလက်ခံပေးပါရန် ✓

(ရင်းနှီးမြှုပ်နှံမှုဌာနခွဲ- / ကြီးကြပ်ရေးဌာနခွဲ)

ကျပ် ---၁၀၀၀၀၀/---- (ကျပ် ---------------- တိတိ) ကိုလက်ခံရရှိပါသည်။

ငွေစာရင်း




# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
# ခွင့်ပြုမိန့်




ခွင့်ပြုမိန့် အမှတ်၊ မနသ-၁၂၁၄ / ၂၀၁၆ ။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂(
အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်-

(က) **ရင်းနှီးမြှုပ်နှံသူ၏ အမည်** ဦးဇော်လင်း

(ခ) **အဘ အမည်** ဦးတန်စီဟွေ (ခ) စိုးဝေ

(ဂ) **နိုင်ငံသား/ အမျိုးသားမှတ်ပုံတင်အမှတ်** ၁၃ / တကန (နိုင်) ဝဝ၃၂၃၂

(ဃ) **နေရပ်လိပ်စာ** အမှတ်(၈/၁၁)၊ ကမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့

(င) **ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့် အဖွဲ့အစည်း** Thiha Development Compan
Limited ( သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ လီမိတက် )

(စ) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား** (၁၂)ထပ်အဆောက်အဦ တည်ဆောက်
Taunggyi Shopping Center အမည်ဖြင့် တည်ဆောက်ရေးလုပ်ငန်းကို ခွဲဝေခံစားသ
စနစ်ဖြင့်ဈေးဆိုင်ခန်းများ၊အဆင့်မြင့်လူနေအိမ်ခန်းများရောင်းချခြင်း၊ငှားရမ်းခြင်းလုပ်ငန်
နှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း

(ဆ) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်အရပ်ဒေသ(များ)** ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ တောင်ကြီးမြို့
ကန်ရှေ့ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း နှင့် ရေထွက်ဦးလမ်းထောင့်၊ အကွက်အမှတ်
(၂၆)၊ ဦးပိုင်အမှတ်(၄၀)၊ မြေကွက်အမှတ် (၄၆/၄၈) ရှိမြေ ဧရိယာ (၁.၄၁၁) ဧက

(ဇ) **မတည်ငွေရင်းပမာဏ(ကျပ်)** ကျပ် ၃၁၅၇၈.၀၀ သန်း (အမေရိကန်ဒေါ်လာ ၁၂.၆၈ သန်း
အပါအဝင် စုစုပေါင်းကျပ် သုံးသောင်းတစ်ထောင့်ငါးရာ ခုနှစ်ဆယ့်ရှစ်သန်းတိတိ )

(ဈ) **တည်ဆောက်မှုကာလ** ၁ နှစ် နှင့် ၆ လ (အပိုင်း-၂ တည်ဆောက်ခြင်းလုပ်ငန်း)

28.9.16

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်






# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၈ /၂၀၁၆ (မနသ)

၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၈ ရက်

၁။ Thiha Development Company Limited. (သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်)မှရှမ်းပြည်နယ်(တောင်ပိုင်း)၊တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရေထွက်ဦးလမ်းထောင့်၊အကွက်အမှတ် (၂၆)၊ ဦးပိုင်အမှတ်(၄၀)၊ မြေကွက်အမှတ် (၄၆/၄၈)ရှိ မြေဧရိယာ(၁.၄၁၁)ဧကတွင် ၁၂ ထပ် အဆောက်အဦ တည်ဆောက်၍ Taunggyi Shopping Centre အမည်ဖြင့် တည်ဆောက်ရေးလုပ်ငန်းကို ခွဲဝေခံစားသည့်စနစ်ဖြင့် ဈေးဆိုင်ခန်းများ၊ အဆင့်မြင့် လူနေအိမ်ခန်းများရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးဇော်လင်းမှ ရှမ်းပြည်နယ် စည်ပင်သာယာရေး ကော်မတီ မှတစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်းအား ၂၀၁၆ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် ကျင်းပသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၂/၂၀၁၆)ကြိမ်မြောက်အစည်းအဝေးသို့ တင်ပြခဲ့ရာ "ခွင့်ပြုမိန့် ထုတ်ပေးရန်"ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအခန်း (၇)၊ ပုဒ်မ ၁၂(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် Thiha Development Company Limited (သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်)အား ၁၂ ထပ် အဆောက်အဦ တည်ဆောက်၍ Taunggyi Shopping Centre အမည်ဖြင့် တည်ဆောက်ရေးလုပ်ငန်းကို ခွဲဝေခံစားသည့် စနစ်ဖြင့် ဈေးဆိုင်ခန်းများ၊ အဆင့်မြင့် လူနေအိမ်ခန်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်း လုပ်ငန်းနှင့် ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းအား ခွင့်ပြုမိန့်အမှတ်၊ မနသ- ၁၂၁၄ /၂၀၁၆ ကို ထုတ်ပေးလိုက်သည်။

၂။ Thiha Development Company Limited(သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်)အနေဖြင့် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း(၁၁)အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့်အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်-

(က) ဥပဒေပုဒ်မ ၂၀(က)အရ ဝန်ဆောင်မှု လုပ်ငန်း စီးပွားဖြစ် စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း(၅)နှစ်အထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။

(ခ) ဥပဒေပုဒ်မ၂၀(ဂ)အရ လုပ်ငန်းမှရရှိသည့် အမြတ်ငွေကို သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း လုပ်ငန်း၌ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်ဝင်ငွေခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည်ရင်းနှီးမြှုပ်နှံသည့်အခါ လုပ်ငန်း

အမှန် တကယ်အကောင်အထည်ဖော်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၂၀(စ)အရ ဝင်ငွေခွန် ကင်းလွတ်ခွင့် ခံစားပြီး တစ်ဆက်တည်း နှစ်နှစ်အတွင်း အမှန်တကယ်ပေါ်ပေါက်သည့် အရှုံးငွေကို ယင်းသို့ အရှုံးပေါ်ပေါက်သည့်နှစ်မှစ၍ တစ်ဆက်တည်း သုံးနှစ်ကာလအထိ သယ်ယူခုနှိမ်ခွင့်ကို လုပ်ငန်း အမှန်တကယ် အကောင်အထည်ဖော်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၂၀(ဆ)အရ လုပ်ငန်း စတင်တည်ဆောက်မှုကာလအတွင်း အမှန်တကယ် အသုံးပြုရန် လိုအပ်၍ ပြည်ပမှ တင်သွင်းသော ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အသုံးအဆောင် တန်ဆာပလာ၊ စက်ကိရိယာ အစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့် အခြားပြည်တွင်း အခွန်အကောက်များ ကင်းလွတ်ခွင့်ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၂၀(ဇ)အရ ဝင်ငွေခွန် စည်းကြပ်ရန်အလို့ငှာ ယာဉ်ယန္တရား၊ စက်ပစ္စည်း စက်ကိရိယာ၊ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းသုံး အခြားမတည်ပစ္စည်းများ အပေါ်တွင် နိုင်ငံတော်က သတ်မှတ်ထားသည့် ပစ္စည်းတန်ဖိုး လျော့တွက်နှုန်းများ အတိုင်း တွက်ချက်ပြီး ပစ္စည်းတန်ဖိုး လျော့တွက်ငွေကို အမြတ်ငွေထဲမှ နုတ်ပယ်ခွင့်အား ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(စ) ဥပဒေပုဒ်မ ၂၀(ည)အရ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ပြီး မူလ ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းကို ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အမှန်တကယ် အသုံးပြုရန် လိုအပ်၍ ပြည်ပမှ တင်သွင်းသော ယာဉ်ယန္တရားများ၊ စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင် တန်ဆာပလာများ၊ စက်ကိရိယာ အစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ အပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက်များဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်တို့ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

၃။ ဥပဒေပုဒ်မ ၂၀(ဆ)အရပြည်ပမှ ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အသုံးအဆောင် တန်ဆာပလာ၊ စက်ကိရိယာ အစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများ တင်သွင်းရာတွင် တင်သွင်းမည့်ပစ္စည်းအမျိုးအစား၊ အရည်အသွေး စံချိန်စံညွှန်းများ၊ ဈေးနှုန်းများသင့်မြတ်မှု စသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် စစ်ဆေးရေး ကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရမည်။

၄။ Thiha Development Company Limited (သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ လီမိတက်)သည် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထားသည့် **ဝန်ဆောင်မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များ** အဖြစ် ထားရှိ ဆောင်ရွက် အကောင်အထည်ဖော်ရမည်။

၅။ Thiha Development Company Limited (သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ လီမိတက်)သည် ဤအဆိုပြုလုပ်ငန်း၏ စာရင်းများကို သီးခြားပြုစုထားရှိရမည်။

၆။ ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီနှင့် Thiha Development Company Limited (သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ လီမိတက်) တို့သည် အဆိုပြုလုပ်ငန်းဆောင်ရွက်ရာ တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ အတည်ပြုပြီးဖြစ်သော ခွဲဝေခံစားသည့် စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

၇။ Thiha Development Company Limited (သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ လီမိတက်)သည် မြေငှားရမ်းခအဖြစ် မြေဧရိယာ (၁.၄၁၁)ဧကပေါ်တွင် (တစ်စတုရန်းပေလျှင် ကျပ် ၃၀ဝိ/- နှုန်းဖြင့်)တစ်နှစ် မြေငှားရမ်းခ ကျပ် ၁၈.၄၃၉ သန်းအား ရှမ်းပြည်နယ် စည်ပင်သာယာရေး ကော်မတီသို့ နှစ်စဉ်ဧပြီလအတွင်း ပေးသွင်းရမည်။

၈။ Thiha Development Company Limited (သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ လီမိတက်)သည် တည်ဆောက်ရန် ကျန်ရှိသော အဆောက်အဦများအားလုံးကို သတ်မှတ်ထားသော တည်ဆောက်ရေး ကာလအတွင်း ဆောက်လုပ်ပြီးစီးရမည်။

၉။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြေအသုံးပြုမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော် အစိုးရမှ မြေယာနှင့် ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းသည့် စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာ ဆောင်ရွက်ရမည်။

၁၀။ Thiha Development Company Limited (သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ လီမိတက်)သည် ခွဲဝေခံစားသည့် စနစ်ဖြင့် ဈေးဆိုင်ခန်းများ၊ အဆင့်မြင့်လူနေအိမ်ခန်းများနှင့် ဟိုတယ်တို့ပါဝင်သော ၁၂ ထပ် အဆောက်အဦ တည်ဆောက်၍ Taunggyi Shopping Centre အမည်ဖြင့် ဝန်ဆောင်မှု လုပ်ငန်းအား ခွဲဝေခံစားသည့် စနစ်ဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးသည့် နေ့မှစတင်၍ အပိုင်း(၂) တည်ဆောက်ရေး လုပ်ငန်း ကို (၁-၄-၂၀၁၆) ရက်နေ့မှ (၇-၁၀-၂၀၁၇) ရက်နေ့အတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်။

၁၁။ Thiha Development Company Limited (သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ လီမိတက်)သည် တည်ဆောက်ရေးကာလအတွင်း ရရှိသောဝင်ငွေအပေါ်ထိုက်သင့်သော ဝင်ငွေခွန် ကို ဝင်ငွေခွန် ဥပဒေနှင့်အညီ ပေးဆောင်ရမည်။

၁၂။ Thiha Development Company Limited (သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ လီမိတက်)သည် ဈေးဆိုင်ခန်းများနှင့်အဆင့်မြင့်လူနေအိမ်ခန်းများ ဆောက်လုပ်ခြင်းအတွက် ပြည်ပမှ တင်သွင်းမည့် စက်ပစ္စည်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို အခွန်အကောက်ပေးဆောင် တင်သွင်းရမည်။ (ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းမပါ)

၁၃။ Thiha Development Company Limited (သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ လီမိတက်)သည် ဟိုတယ်အဆောက်အအုံ ဆောက်လုပ်ပြီးစီးသည့်အခါ ဟိုတယ်လုပ်ငန်းလိုင်စင် ရရှိရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၁၄။ အဆိုပြုလုပ်ငန်းကိုဆောင်ရွက်နိုင်ရန်အတွက်ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီနှင့် Thiha Development Company Limited (သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ လီမိတက်) တို့သည် ၂၀၁၆ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ပြင်ဆင်ချုပ်ဆိုထားသည့် ခွဲဝေခံစားသည့် စနစ်ဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူ စာချုပ်အား ထိုက်သင့်သော တံဆိပ်ခေါင်းခွန်များ ပေးဆောင်ပြီးသည့်အခါ ယင်းသဘောတူစာချုပ်မိတ္တူ(၅)စောင်စီကိုဤကော်မရှင်သို့ **မပျက်မကွက်** ပေးပို့တင်ပြရမည်။

၁၅။ Thiha Development Company Limited (သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ လီမိတက်)သည် ဟိုတယ်တည်ဆောက်ရေး၊ အခန်းများဖွဲ့စည်းရေးနှင့် လိုအပ်သော Facilities များထည့်သွင်းရေးအတွက် မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဟိုတယ်နှင့် တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်ဆိုင်ရာ အမိန့်များ ပါဝင်သော ဟိုတယ်တည်ဆောက်ရေးဆိုင်ရာ အခြေခံလိုအပ်ချက်နှင့် စံနှုန်းများ (Basic Requirement and Criteria)ထက် မနိမ့်ကျစေရေးအတွက် အဆိုပါ ဥပဒေအမိန့်များကို ကြိုတင်ရယူလေ့လာ၍ ဆောင်ရွက်သွားရမည်။

၁၆။ Thiha Development Company Limited (သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ လီမိတက်)သည် လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေများ ပြဋ္ဌာန်းပေါ်ပေါက်လာသည့်အခါ အဆိုပါ ဥပဒေပြဋ္ဌာန်းချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီစေရန်လည်းကောင်း လိုက်နာဆောင်ရွက်ရမည်။

၁၇။ Thiha Development Company Limited (သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ လီမိတက်)သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက် ပျက်စီးမှုများ လျော့နည်းစေရေး တို့အတွက် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ချက် (Environmental Impact Assessment- EIA)၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP)တို့ကို ပြုလုပ်ဆောင်ရွက်ပြီး ယင်းဆောင်ရွက်ပြီးစီးမှုအခြေအနေကိုကော်မရှင်နှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနတို့သို့ ပေးပို့အစီရင်ခံရမည်။

၁၈။ Thiha Development Company Limited (သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်)သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်တွင်းအလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ ထို့အပြင် အလုပ်ရှင်နှင့် အလုပ်သမား ဆက်ဆံရေး ပြေလည်စေရန် အလေးထား ဆောင်ရွက်ရမည်။ လုပ်ငန်းခွင်သာယာရေးနှင့် စာရင်းဇယားများ စနစ်တကျရှိစေရေးအတွက် အဆိုပြုချက်တွင် တင်ပြထားသည့်အတိုင်းစီစဉ် ဆောင်ရွက်ရမည်။

၁၉။ Thiha Development Company Limited (သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်)သည် ဤခွင့်ပြုမိန့်အရဝန်ဆောင်မှုလုပ်ငန်း၌မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန် အတွက် လိုအပ်သည့် မီးဘေးအန္တရာယ် ထိန်းသိမ်းကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထား သည့်အတိုင်းစနစ်တကျထားရှိ ဆောင်ရွက်ရမည်ဖြစ်ပြီး မီးသတ်ဦးစီးဌာန၏ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများညွှန်ကြားချက်များနှင့်အမိန့်များကို တိကျစွာလိုက်နာဆောင်ရွက်ရမည်။ ထို့ပြင် ရေသိုလှောင်ကန်၊ မီးသတ်ဆေးဘူးများကဲ့သို့ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်မှု ဆောင်ရွက်ချက်များကို ဆောင်ရွက်ရမည်ဖြစ်ပြီး မီးငြိမ်းသတ်ရေး လုပ်ငန်းသုံး ပစ္စည်းများအား လုပ်ငန်းခွင်ရှိ ဝန်ထမ်းအားလုံး အသုံးပြုတတ်စေရန်အတွက် သင်တန်းများပေးရမည်။

၂၀။ Thiha Development Company Limited (သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်)သည်ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာ၌ ပတ်ဝန်းကျင်လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှု၊မီးဘေးအန္တရာယ်စသည်များ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းသိမ်း ကာကွယ်ရေးအစီအမံများကို ဝန်ခံကတိပြုထားသည့်အတိုင်း စနစ်တကျထားရှိဆောင်ရွက်ရမည်။ ထို့ပြင် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊အခြားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ထားမှု အခြေအနေကို ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၂၁။ Thiha Development Company Limited (သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်)သည် ကနဦးလုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့်ရရှိပြီး (သုံး)လအတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။ ထို့ပြင် လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေများကို သတ်မှတ်ထားသော ပုံစံဇယားများဖြင့် (၃)လ တစ်ကြိမ် **မပျက်မကွက်** ပုံမှန်ပေးပို့အစီရင်ခံရမည်။ အဆိုပြုလုပ်ငန်း၏ စီးပွားဖြစ်စတင် ဆောင်ရွက်သည့် နေ့ရက်ကို စီးပွားဖြစ်စတင်ပြီး (တစ်)လအတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၂၂။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံသူ၏ အဖွဲ့အစည်း/နေရပ်လိပ်စာ (ကုမ္ပဏီ၏ ရုံးခန်းလိပ်စာနှင့် တယ်လီဖုန်းနံပါတ်)ပြောင်းလဲမှုရှိတိုင်း ဤကော်မရှင်သို့ **မပျက်မကွက်** တင်ပြ၍ အတည်ပြုခွင့်ပြုချက်ကိုရယူရမည်။

၂၃။ Thiha Development Company Limited (သီဟ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏ
လီမိတက်)သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့်သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းမျာ
ချမှတ်ထားသော တည်ဆဲစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကိုလိုက်နာဆောင်ရွက်ရမည်။

၂၄။ အဆိုပြုလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်
ဖြစ်သဖြင့် မည်သည့် နိုင်ငံခြားသားသို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းကမျှ ပိုင်ဆိုင်ခြင်း သို့မဟုတ်
တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမရှိစေရ။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ထုတ်ပေးထာ
သော ခွင့်ပြုမိန့်၊ သက်ဆိုင်ရာဌာနများမှ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်များနှင့် မြန်မာနိုင်ငံ
ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ပြည်ပမှတင်သွင်းသည့်ပစ္စည်းများကို တစ်ဆင့်လွှဲပြောင်း
ခြင်း၊ ရောင်းချခြင်းမပြုရ။ အကယ်၍ အဆိုပြုလုပ်ငန်းကို နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား
အဖွဲ့အစည်းက ပိုင်ဆိုင်ကြောင်း သို့မဟုတ် ခွင့်ပြုမိန့် လုပ်ငန်းလိုင်စင်များနှင့် ပြည်ပမှ တင်သွင်း
သည့်ပစ္စည်းများကိုတစ်နည်းနည်းဖြင့် စီမံခန့်ခွဲကြောင်း၊ ရောင်းချကြောင်း သက်ဆိုင်ရာက စစ်ဆေး
တွေ့ရှိလျှင် လိုအပ်သလိုအရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း နှင့်ညှိနှိုင်း
ဆောင်ရွက်မည့်အပြင် လုပ်ငန်းအဆိုပြုသူသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ
၃၂(င)အရ နောင်တွင်မည်သည့် ခွင့်ပြုမိန့်မျှ ထုတ်ပေးမည်မဟုတ်သော နာမည်ပျက် စီးပွားရေး
လုပ်ငန်းစာရင်း၌ ထည့်သွင်းခြင်းခံရမည်။

၂၅။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ (တစ်)နှစ်အတွင်း အဆိုပြုလုပ်ငန်းကို စတင်
ဆောင်ရွက်ခြင်းမပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူ
ရမည်။

(ကျော်ဝင်း)
ဥက္ကဋ္ဌ

စာအမှတ်၊မရက-၄ /မ-၁၅၃၂/၂၀၁၆( ၉၂၁-၈ )
ရက်စွဲ၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၈ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထဲရေးဝန်ကြီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ တောင်ကြီးမြို့

ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်

မန်နေဂျင်းဒါရိုက်တာ၊ Thiha Development Company Limited (သီဟ ဖွံ့ဖြိုး တိုးတက်ရေး ကုမ္ပဏီလီမိတက်)